ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ခဲတွင်းကျေးရွာ ၊ မော်ခါးအုပ်စု

၂၀၁၆ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ 2

၂။ မော်ခါးအုပ်စုမြေပုံ 3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ 4

၄။ ကျေးရွာအခြေခံအချက်အလက်များ 4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် 7

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ 9

၇။ ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ 32

၈။ ကော်မတီဝင်များစာရင်း 36

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် 37

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား 39

..... 39

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် 41

၁၂။ ပုံစံ စ-၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ 45

၁၃။ ပုံစံ စ-၁၂။ အစည်းအဝေးတက်ရောက်သူစာရင်း 48

၁၄။ အစည်းအဝေး မှတ်တမ်းများ 52

၁၅။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း 56

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) 57

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



၂။ မော်ခါးအုပ်စုမြေပုံ

မော်ခါးကျေးရွာအုပ်စု



ရည်ညွှန်းချက်

ကျေးရွာအုပ်စု

ကျေးရွာ

ချောင်း

ကားလမ်း

အုပ်စုနယ်နိမိတ်

မြို့နယ်နိမိတ်

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မော်ခါးကျေးရွာအုပ်စုတွင် တောင်ခြေရင်း၊ ကန်ပေါက်တာ၊ အောင်ချမ်းသာ၊ မှန်ပင်၊ မော်ကြီး၊ ခဲတွင်း (၆) ရွာ ဖြစ်ပါသည်။

ကဒူးတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။

၄။ ကျေးရွာအခြေခံအချက်အလက်များ

၁။ကျေးရွာသမိုင်းအကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး ၊ ကသာခရိုင် ၊ ပင်လည်ဘူးမြို့နယ်၊ မော်ခါးအုပ်စု ၊ ခဲတွင်းကျေးရွာသည် ခဲများထွက်သော တွင်းများ ရှိခြင်းကြောင့် ခဲတွင်းကျေးရွာဟု ခေါ်ခဲ့ကြပါသည်။ ခဲတွင်းကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်မှစတင်ကာ ရွာတည်ထောင်ကာ နေထိုင်ခဲ့ကြပါသည်။ စတင်ရွာတည်စတွင် အိမ်ခြေ ၁၂ အိမ်ခန့်တည်ရှိခဲ့ပါသည်။ ရွာသူရွာသားများသည် ကဒူးလူမျိုးများဖြစ်၍ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ တောတောင်များတွင် တောင်ယာခုတ်ကာ စပါးစိုက်ပျိုးစားသောက်ရပါသည်။ ကြက် ၊ ဝက် ၊ နွား ၊ကျွဲ များ တနိုင်မွေးမြူခဲ့ကြပြီး စိုက်ပျိုးအတွက် အသုံးချခဲ့ပါသည်။ မီးရရှိရန် ပွဲညက်များဖြင့် မီးတိုင်လုပ်ကာ မီးထွန်းခဲ့ကြပါသည်။ သောက်ရေများအတွက် လက်တွင်းများ တူးကာ အသုံးပြုခဲ့ရပါသည်။ ဘုန်းတော်ကြီးများက သင်ကြားသော စာပေသင်ကြားမှု ရှိခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းတည်ဆောက်ကိုးကွယ်ခဲ့ပါသည်။ အိမ်အခြေအနေများမှာ သစ် ၊ ဝါး သက်ကယ်မိုးဖြင့် တည်ဆောက်သော ခြေတံရှည်အိမ်များတည်ဆောက်နေထိုင်ခဲ့ပါသည်။ စိုက်ပျိုးရေး မှာ အဓိက စပါးစိုက်ပြီး ပဲများနှင့် ရာသီးသီးနှံများလည်း စိုက်ပျိုးကြပါသည်။ အနောက်တောင်ပေါ်တွင် ပုဇွန်တောင် စေတီများ ရှေးဟောင်းစေတီတစ်ဆူရှိပါသည်။ ယခင်က ဗမာစကားကို နားမလည် ခဲ့ပါ။ ယခုလက်ရှိတွင် မူလတန်းကျောင်းဖွင့်လှစ်ပြီး ကျေးရွာတွင်သာ စာသင်ကြားနေပါသည်။ ကျန်းမာရေးအခြေအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အနည်းငယ်သာရှိပါသည်။ မိုးရာသီတွင်ကျန်းမာရေးအတွက်ခက်ခဲမှုရှိနေပါသည်။တောဆေးတောမြစ်ကို လက်ကိုင်ထားရဆဲဖြစ်ပါသည်။ရွာဘေးတွင်တောင်တန်းများ ဝိုင်းကာထားပါသည်။ ရွာသား/ကျေးရွာသူများ ၊ ရပ်မိရပ်ဖများအနေဖြင့် ကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင် တိုင်ပင်ဆွေးနွေး ကြိုးစားဆောင်ရွက်နေကြပါသည်။

အိမ်ထောင်စုများ/လူဦးရေစာရင်း

အိမ်ထောင်စု	ကျား	မ	စုစုပေါင်း
၁၇	၅၃	၅၈	၁၁၁

၂။ ထူးခြားဖြစ်စဉ်-

ထူးခြားဖြစ်စဉ်ဇယား

အမှတ်စဉ်	ဖြစ်စဉ်အမျိုးအစား	ခုနှစ်	ဖြစ်စဉ်အကြောင်းအရာ
၁	ကျောင်းအဆောက်အဦး	၂၀၁၅	ကျောင်းအဆောက်အဦးအသစ် ဆောက်လုပ်ခြင်း
၂	ကျောင်းဆရာ/မများ	၂၀၁၅	ကျောင်းဆရာ/မများ ခေတ်မီနည်းစနစ်ဖြင့် သင်ကြားပို့ချနိုင်ခြင်း
၃	စာသင်ခုံ/လျှပ်စစ်မီးများ	၂၀၁၇	စာသင်ခုံ/လျှပ်စစ်မီးများ ထောက်ပံ့ခြင်း
၄			
၅			

၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

အမျိုးအစား	အိမ်ထောင်စု	ကျား	မ	စုစုပေါင်း
မရှိ	-	-	-	-

၄။ ထိခိုက်လွယ်အုပ်စု

ထိခိုက်လွယ်အုပ်စု	အိမ်ထောင်စု	ကျား	မ	စုစုပေါင်း
သက်ကြီး	၆	၃	၃	၆
မြေယာမဲ့				
မသန်စွမ်း	-	-	-	-

၅။ အဓိကစီးပွားရေးလုပ်ငန်းများ

စိုက်ပျိုးရေး	မွေးမြူရေး	အသေးစားစီးပွားရေး	အခြား
စပါး	ကျွဲ (တပိုင်တနိုင်)		
မြေပဲ	နွား (တပိုင်တနိုင်)		
ကြက်သွန်	ဝက် (တပိုင်တနိုင်)		
	ကြက် (တပိုင်တနိုင်)		

၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

ကျေးရွာပိုင်ဆိုင်မှုများ	စိုက်ပျိုးမြေ	စားကျက်မြေ	သစ်တောမြေ	သဲ/ကျောက်ရရှိမှု	ရေတွင်း/ရေကန်	စက်ရေတွင်း
အရေအတွက်	၅၀ ဧက	၁၀ ဧက	၄၀ -ဧက	ရှိ	၁ / ၁	-
ကျေးရွာပိုင်ဆိုင်မှုများ	ကား	ထော်လာကျီ	စပါးကြိတ်စက်	ဆွေလှော့်စက်	အသေးစားဆည်	ဈေးဆိုင်
အရေအတွက်	-	-	၄	-	၃	၁

၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

ကျေးရွာပိုင်ဆိုင်မှုများ	ရေတင်စက်	လယ်ထွန်စက်	ထွန်ထယ်	ကျွဲ	နွား
အရေအတွက်	-	၄	၂၀	၇	၁၄၅
ကျေးရွာပိုင်ဆိုင်မှုများ	ဝက်	ဆိုင်ကယ်	ကျွမ်းကျင်လုပ်သား	လုပ်သား	
အရေအတွက်	၁၄	၁၃	၄	၂၀	

၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

အရင်းအမြစ်	ဆေးခန်း	အ.လ.က/အ.ထ.က	ဈေး	ကျွမ်းကျင်လုပ်သား	လုပ်သား	မြေတူးစက်	လမ်းကြိတ်စက်
အရေအတွက်		၁ ၊ -	-	၄	၂၀	-	

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိက ဆွေးနွေးချက်များ
				ကျား	မ	ပေါင်း	
၁	လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking)	၂၇-၀၇-၁၇	ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ	၁၃	၁၉	၃၂	ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း
၂	ရာသီခွင်ပြပြကွဒိန် (Seasonal Calendar)	၂၇-၀၇-၁၇	ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ	၁၃	၁၉	၃၂	ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ
၃	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/Resource Map)	၁၄-၀၇-၁၇	ရပ်မိရပ်ဖ၊ ကော်မတီဝင်များ	၁၀	၈	၁၈	အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ
၄	ပြဿနာသစ်ပင် (Problem Tree)	၁၄-၀၇-၁၇	အမျိုးသားများကော်မတီဝင်များ	၈	-	၈	ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။
၅	ပြဿနာသစ်ပင် (Problem Tree)	၁၄-၀၇-၁၇	အမျိုးသမီးများ	-	၈	၈	ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ
၆	ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking)	၂၇-၀၇-၁၇	အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု	၁၆	၁၉	၃၅	အကျိုးပြဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။

၇	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	၅၇-၀-၆၇	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့	၁၆	၁၉	၃၅	ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု
၈	ပင့်ကူအိမ်ကွန်ယက် (Spider Web)	၅၇-၀-၆၇	အမျိုးသားများ နှင့် အမျိုးသမီးများ	၁၆	၁၉	၃၅	အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ
၉	ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေနှင့် ပြောင်းလဲမှုညွှန်းကိန်း	၅၇-၀-၆၇	ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု	၁၆	၁၉	၃၅	ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ
၁၀	ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map)	၅၇-၀-၆၇	ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု	၁၆	၁၉	၃၅	နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

အဆင့်	အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ	အိမ်ထောင်စု	ရာခိုင်နှုန်း
ချမ်းသာ	**အိမ်အခြေအနေ-** ပျဉ်ကာ၊ပျဉ်ခင်း၊၄-ပင်ပတ်လည် သွပ်မိုး။ **မြေယာပိုင်ဆိုင်မှု-** ၃ ဧက ကျွဲ- ၊ နွား-၁၅ **အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက်။တီဗွီ ၊လှည်း စပါးကြိတ်စက်	၃	၁၆%
အလယ်အလတ်	**အိမ်အခြေအနေ-** ၃ပင်.၄ပင်အကျယ် သက်ကယ်မိုး၊ထရံကာ၊ပျဉ်ခင်း။ **မြေယာပိုင်ဆိုင်မှု-** ၂ ဧက ကျွဲ- ၊ နွား- ၅ **အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊လှည်း	၉	၄၇%
နွမ်းပါး	**အိမ်အခြေအနေ-** ၃ပင်-၄ပင် သက်ကယ်မိုး၊ထရံကာ၊ကြမ်းခင်း **မြေယာပိုင်ဆိုင်မှု-** ၁ ဧက ကျွဲ - မရှိ ၊ နွား- ၂ ကောင် **အခြားပိုင်ဆိုင်မှု** -မရှိ	၆	၃၂%
အလွန်နွမ်းပါး	**အိမ်အခြေအနေ-** ၃ပင်-၄ပင် သက်ကယ်မိုး၊ ဝါးခင်း၊ ဝါးထရံကာ (ကျဉ်း) **မြေယာပိုင်ဆိုင်မှု-** ယာ ၁ ဧက **ကျွဲ၊ နွား-** မရှိ **အခြားပိုင်ဆိုင်မှု-** မရှိ။	၁	၅%
စုစုပေါင်း		**၁၉**	**၁၀၀**

၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်

သုံးသပ်ချက်

ခဲတွင်းကျေးရွာသည် ရာသီဥတု-တပေါင်းလမှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လ လယ် မှ စ၍ သီတင်းကျွတ်လပြည့်နေ့ထိ လအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပိုတွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။ နွေရာသီတွင် အေးစိမ့်သောလေများတိုက်၍ အေးပါသည်။ မိုးရာသီတွင် တောင်ကျချောင်းရေများ ရေများတတ်ပါသည်။ ဆောင်းရာသီတွင် မြူနှင်းများဆိုင်း၍ အလွန်အေးပါသည်။

စိုက်ပျိုးရေး- တန်ခူးလတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပြီး နယုန်လတွင် စပါးစိုက်ပျိုးရန် ပျိုးထောင်ကြပြီး ဝါဆိုလတွင် ကောက်စိုက်ကြပါသည်။ နတ်တော်လမှတပို့တွဲလအထိ ကြက်သွန်၊ မြေပဲတို့ကို စိုက်ပျိုးကြပါသည်။ အခြားသီးနှံများလည်း စိုက်ပျိုးပါသည်။

မွေးမြူရေး- ခဲတွင်းကျေးရွာတွင် ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကို ရာသီမရွေး တပိုင်တနိုင် မွေးမြူကြပါသည်။ တစ်အုပ်တစ်မ စီးပွားဖြစ် မွေးမြူသူများ မရှိပါ။

နေ့စားလုပ်ငန်း- လယ်ယာစိုက်ပျိုးရိုး၊ ရိတ်သိမ်းရိုး၊ မြေပဲ၊ ကြက်သွန်များ စိုက်ပျိုးရိုး၊ သိမ်းဆည်းရိုးများတွင် နေ့စားလုပ်ငန်းများ တစ်နေ့လျှင် ၃၀၀၀ ကျပ်ဖြင့်လုပ်ကိုင်ကြသည်။ အခြားအရိုးများတွင် ပြင်ပထွက်၍ ငွေရှာရပါသည်။

သဘာဝဘေးအွန္တရာယ် ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ရေကြီးခြင်း မကြာခဏ ဖြစ်ပွားသည်။ တောင်ကျချောင်းရေများလာပါက လယ်မြေများ ရေလွှမ်းပျက်စီးတတ်ပါသည်။

ဝမ်းစာဖူလုံမှု- တန်ဆောင်မုန်းလမှဝါခေါင်လအထိ ဝမ်းစာဖူလုံမှုရှိပြီး တော်သလင်း၊ သီတင်းကျွတ်လများတွင် ဝမ်းစာဖူလုံမှု မရှိပါ။ ကျေးရွာရှိ အိမ်ထောင်စုများမှာ ဝမ်းစာဖူလုံမှု မရှိကြပါ။

အလုပ်သမားရှားပါးမှု- လယ်ယာစိုက်ပျိုးရိုး၊ရိတ်သိမ်းရိုး၊မြေပဲစိုက်ပျိုးရိုး၊သိမ်းဆည်းရိုး များတွင်လုပ်သားရှားပါးပါသည်။ အခြားအရိုးများတွင် အခြားဒေသများသို့ သွားရောက်ကာ ဝင်ငွေရှာသွားရပါသည်။

ပွဲတော်များ-လရာသီအလိုက်ပွဲတော်များရှိပါသည်။ကဒူးတိုင်းရင်းသား ရွာများရှိဘုန်းတော်ကြီးကျောင်းသို့

အချင်းချင်း သွားရောက်ကာ ကန်တော့လေ့ရှိပါသည်။တိုင်းရင်းသား ပွဲတော်များလည်းရှိပါသည်။

၃။ ကျေးရွာလူမှုရေးပြဇယားပုံ နှင့် သုံးသပ်ချက်



သုံးသပ်ချက်

လူနေထိုင်မှု ပုံစံ- ခဲတွင်းကျေးရွာ တွင် စီပွားရေးအဆင့်(၄) (ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်၊ နွမ်းပါး၊ အလွန်နွမ်းပါး) မျိုးရှိပြီး ကျေးရွာများတွင် ကဒူးလူမျိုး စုစည်းစွာနေထိုင်ကြပါသည်။ တောင်တန်းဒေသတွင် အိမ်ဆောက်၍ စုပေါင်း နေထိုင်ကြပါသည်။ ဘာသာရေး ၊ သာရေးနာရေးများကို စုပေါင်းတိုင်ပင်ကာ စုစည်းစွာဆောင်ရွက်ကြပါသည်။

လမ်းပန်းဆက်သွယ်ရေး ခဲတွင်းကျေးရွာ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ချောင်းကူးတံတားများ မရှိသောကြောင့် မိုးတွင်းကာလတွင် လမ်းမကောင်းပါသဖြင့် သွာလာရေးလွန်စွာ ခက်ခဲပါသည်။ ပင်လည်ဘူးမြို့နှင့် မိုင် ၂၅ မိုင်ဝေးကွာပါသည်။ တောင်ပေါ်လမ်းများဖြစ်ပြီး နွေရာသီတွင် အနည်းငယ် သွားလာရလွယ်ကူပါသည်။ မိုးတွင်းတွင် တောင်ပတ်လမ်းများလည်းဖြတ် သွားရပါသည်။

ကျန်းမာရေး- မှန်ပင်ကျေးရွာတွင် ဆေးပေးခန်း ရှိပါသည်။ သို့သော် ခဲတွင်းကျေးရွာမှ ၄ မိုင်ခန့် ဝေးကွာသောကြောင့် ကျန်းမာရေးအတွက် စောင့်ရှောက်မှု ခက်ခဲမှု ရှိပါသည်။ ကျေးရွာတွင် ဆေးဝါးကျွမ်းကျင်သူမရှိပါ။ထိုကြောင့် ကျန်းမာရေးဆရာမ ချထားပေးရန်လိုအပ်ပါသည်။ ဆေးပေးခန်းတွင်လည်း တစ်ခါတစ်ရံ ကျန်းမာရေးအတွက်ကိုက်ညီသော ဆေးဝါးမရှိခြင်း ကြုံတွေ့ရပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်စုံလုံလောက်စွာ မရရှိပါ။

သောက်သုံးရေ - ရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေကန်ရှိပါသည်။ သောက်ရေအနေဖြင့် ရေတွင်း ရှိပါသည်။ ရွာရှိ မိသားစုများအတွက် ရေတွင်းတွင် သောက်ရေ အသုံးပြုကြပါသည် ။ သုံးရေအတွက် ရွာဘေးမှ ဖြတ်စီးသွားသော ချောင်းမှရေ နှင့် စိမ့်စမ်းရေကန်ကို အသုံးပြုကြရပါသည်။ နွေရာသီတွင် အသုံးပြုရလွယ်ကူပါသည် ။

အခြား- ရွာ၏မြောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်း၊ ရွာအလယ်တွင် ဆရာမနေအိမ်များ နှင့် ရွာ၏ တောင်ဘက်တွင် စာသင်ကျောင်း တို့ရှိ ပါသည်။ ဗုဒ္ဓဘာသာနယ်မြေ ဖြစ်ပါသည်။

၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



သုံးသပ်ချက်

ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ

ခဲတွင်းကျေးရွာ၏ မြောက်ဘက်မှ ရွာဘေးသို့စီးဆင်းသွားသော ချောင်းရှိပြီး လယ်/ယာစိုက်ပျိုးရေးအတွက် ရေကို ချောင်းအတွင်း ကိုယ်ထူကိုယ်ထ သစ်လုံးဆည် တည်ဆောက်ပြီး ၄င်းဆည်မှ တူးမြောင်းဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ ရွာ၏ တောင်ဘက်တွင် တောင်တန်းများတည်ရှိနေပါသည်။ ရွာ၏ မြောက်ဘက်တွင် လယ်ကွင်းများရှိပြီး တောင်ဘက်နှင့်မြောက်ဘက်လယ်ကွင်းများပတ်လည်တွင် တောင်တန်းများ ၀န်းရံထားပြီး နှင့်အနောက်ဘက်တွင် လယ်ကွင်းများရှိပါသည်။ စာကျက်မြေများလည်းရှိပြီး လယ်မြေများတွင် မိုးရာသီတွင် စပါး၊ နွေရာသီတွင် မြေပဲ၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ ခဲတွင်းကျေးရွာတွင် ကွဲ၊နွား၊ကြက်၊ဝက် များလည်း တပိုင်တနိုင်မွေးမြူကြ သည်။ စိုက်ပျိုးရေးနည်းပညာများ မသိခြင်း၊ အချို့တွင် မိုးရေဖြင့်သာ စိုက်ပျိုးရခြင်း ၊ မျိုးကောင်းမျိုးသန့်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသောကြောင့် စီးပွားရေး၊ ပညာရေး အားနည်းပါသည်။ စနစ်ကျသော မွေးမြူနည်းမသိခြင်းကြောင့် ဓလေ့မွေးမြူနည်းဖြင့်သာ မွေးမြူကြပါသည်။

အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ- **ခဲတွင်း**ကျေးရွာသည် စိုက်ပျိုးရေးအတွက် ဆည်ရေသွင်းဖြစ်သော်လည်း ရာသီဥတုမမှန်ပါက သီးနှံဖြစ်ထွန်းမှု နည်းပါးပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် မရှိသဖြင့် အထွက်နှုန်းလျော့ပြီး အကြွေးတင်မှုများ ရှိလာပါသည်။ မိုးတွင်းကာလတွင် ချောင်းရေကြီးလျှင် စပါးခင်းများ ရေလွှမ်းတတ်ပါသည်။ အရင်းအမြစ်များကို မှန်ကန်စွာ အသုံးချတတ်မှု အားနည်းခြင်းများ ရှိနေပါသည်။ အရင်းအမြစ်များ အသုံးချရန် လိုအပ်သော နည်းပညာ အကူအညီများ လိုအပ်နေပါသည်။ စိုက်ပျိုးဌာနနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တောတောင်များတွင် ထင်းများကို ခုတ်ယူရပါသည်။ အရင်းအမြစ်များ စနစ်တကျအသုံးချတတ်စေရန် နည်းလမ်းပေးရန်လိုအပ်ပါသည်။

၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



အကြောင်းအရင်းများ/ အခက်အခဲများ

၁	ကျေးရွာချင်းဆက်တံတား မျာမကောင်းခြင်း	၂	စာပေအသိပညာအားနည်း နေခြင်း	၃	စီးပွားရေးအားနည်းနေခြင်း
၄	စာသင်ကျောင်းအိမ်သာ မကောင်းခြင်း	၅	ခန်းမဆောင်မရှိခြင်း	၆	မူကြိုကျောင်းမရှိခြင်း
၇	စိုက်ပျိုးရေးနည်းပညာ/မြေးကောင်းမြေးသန့်မရှိသောကြောင့် သီးနှံအထွက်နည်းခြင်း၊မိသားစုဝင်ငွေနည်းခြင်း၊စီးပွားရေးဓာက်ကျခြင်း။	၈	မွေးမြူရေးနည်းပညာ မရှိခြင်းကြောင့် စနစ်တကျ မွေးမြူခြင်းမလုပ်တတ်ခြင်း	၉	ငွေကြေးအရင်းအနှီးနှင့် နည်းပညာမရှိခြင်း

အကျိုးဆက်များ

၁ ကျေးရွာချင်းဆက် လမ်းတံတားမကောင်းသဖြင့် သွားလာရေးခက်ခဲနေခြင်း
၂ စာကြည့်တိုက်မရှိသဖြင့် စာပေဗဟုသုတ အားနည်းခြင်း

၃ တံတားများမကောင်းသဖြင့် ကုန်သွယ်ရေးခက်ခဲနေခြင်း
၄ ကျေးရွာခန်းမဆောင်မရှိသဖြင့် သဘာဝဘေးကာကွယ်မှုမရှိခြင်း
၅ ကျောင်းအိမ်သာများ မရှိခြင်းကြောင့် ကျန်းမာရေးဆိုးကျိုးများ ရှိနေခြင်း

၆ မူကြိုကျောင်းမရှိသဖြင့် ကလေးများ ပညာမသင်ကြားရခြင်း
၇ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်မရှိခြင်းကြောင့် သီးနှံအထွက်နည်းပြီး ဝမ်းစာမဖူလုံခြင်း
၈ မွေးမြူနည်းစနစ်များ မရှိခြင်းကြောင့် တိရိစ္ဆာန်တိုင် မွေးမြူပြီး ဝင်ငွေမရှာနိုင်ခြင်း ဝင်ငွေနည်းပါးခြင်း
၉ ငွေကြေးအရင်းအနှီးမရှိခြင်းကြောင့် အရောင်းအဝယ်မလုပ်နိုင်ခြင်း
လက်သမား/ပန်းရံကျွမ်းကျင်သူ မရှိခြင်းကြောင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း
ဝင်ငွေရှာနိုင်မှုနည်းပါးခြင်း

ဖြေရှင်းနည်းလမ်း

၁ ကျေးရွာချင်းဆက်တံတား ပြုပြင်ခြင်း(**စီမံကိန်းပထမနှစ်**)

၂ စာကြည့်တိုက် တည်ဆောက်ခြင်း

၃ ရွာတွင်းကျောက်ခင်းလမ်း တံတားပြုပြင်ခြင်း

၄ ခန်းမဆောင်တည်ဆောက် ပေးခြင်း

၅ ကျောင်းအိမ်သာ တည်ဆောက်ခြင်း

၆ မူကြိုကျောင်းတည်ဆောက် ခြင်း

၇ မွေးမြူရေးနည်းပညာ/ စနစ်များသင်ကြားခြင်း

၈ အသေးစားချေးငွေများ ထုတ်ပေးခြင်း သမဂ္ဂိယမဌာနနှင့်ချိတ်ဆ က်ရန်

၉ စိုက်ပျိုးရေးနည်းပညာများ သင်ကြားခြင်း(စိုက်ပျိုးရေးဌာန နှင့်တချိတ်ဆက်ဆောင်ရွက်ရန်

၆။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



အကြောင်းအရင်းများ/ အခက်အခဲများ

၁	မူကြိုကျောင်း အဆောက်အဦးလို	၂	စာကြည့်တိုက်မရှိခြင်း	၃	ရေကန်နှင့်ရေပိုက်သွယ်ရန်ငွေ မရှိခြင်း
၄	တံတားမရှိ၍သွား လာရခက်ခဲနေခြင်း	၅	ခန်းမဆောင်မရှိခြင်း	၆	အိမ်တွင်းမှုစက်ချုပ်ဏထိုးပန်းထိုး အတတ်ပညာများ မတတ်ခြင်း
၇	ငွေကြေးအရင်းအနှီး များ မရှိခြင်း	၈	မွေးမြူနည်းစနစ်များမသိခြင်း ဆေးကုသနည်းမသိခြင်း	၉	စိုက်ပျိုးရေးနည်းလမ်းခက်ခဲနေခြင်း

အကျိုးဆက်များ

၁ မူကြိုကျောင်းမရှိခြင်းကြောင့် ကလေးများပညာရေးအားနည်းနေခြင်း
၂ စာကြည့်တိုက်မရှိခြင်းကြောင့် အသိဗဟုသုတ လေ့လာမှုအားနည်းနေခြင်း
၃ ရေကန်ရေပိုက်ပေးသဖြင့် အချိန်ပိုကုန်ခြင်း
၄ တံတားများမရှိခြင်းကြောင့် ကုန်သွယ်မှုခက်ခဲနေခြင်း
၅ ခန်းမဆောင်မရှိခြင်းကြောင့် သဘာဝဘေးကာကွယ်မှုမရှိခြင်း
၆ စက်ချုပ်ဏထိုးပန်းထိုးအတတ်ပညာမရှိ၍ စားဝတ်နေရေးနှင့် ဝင်ငွေရှာရေးခက်ခဲခြင်း
၇ ငွေကြေးအရင်းအနှီးမရှိ၍ လိုအပ်ပစ္စည်းမရခြင်း ၊ သင်တန်းတက်ရန်ခက်ခဲခြင်း စီးပွားရေး တိုးချဲ့မလုပ်နိုင်ခြင်း
၈ မွေးမြူနည်းစနစ်မသိ၍ အိမ်နေ မွေးမြူရေး ကြောင့် ဝင်ငွေမရှာနိုင်ခြင်း အိမ်တွင်းမှုပညာများမတက်မြောက်ခြင်းကြောင့် ဝင်ငွေနည်းပါးခြင်း
၉ စိုက်ပျိုးရေးနည်းလမ်းများသင်ပေးခြင်း (စိုက်ပျိုးရေးဌာန ချိတ်ဆက်ရန်)

ဖြေရှင်းနည်းလမ်း

၁ ကျေးရွာချင်းဆက်တံတား တည်ဆောက်ခြင်း **(စီမံကိန်း-ပနှစ်)**	၂ စာကြည့်တိုက် တည်ဆောက် ခြင်း **(စီမံကိန်း-ဒုနှစ်)**	၃ ရေကန်နှင့်ရေပိုက်သွယ် တည်ဆောက်ခြင်း
၄ တံတားများတည် ဆောက် ပေးခြင်း	၅ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း	၆ စက်ချုပ်ဏထိုးပန်းထိုး နည်းပညာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း
၇ အသေးစားချေးငွေလုပ်ငန်း များချထားပေး ရန် အစိုးရဌာနများ၊အဖွဲ့အစည်း များနှင့်ဆက်သွယ်ခြင်း။	၈ မွေးမြူရေးသင်တန်းပေးခြင်းနှင့် အိမ်တွင်းမှုလုပ်ငန်းများဆောင် ရွက်နိုင်ရန်သက်ဆိုင်ရာနှင့်ချိတ် ဆက်ခြင်း	၉ စိုက်ပျိုးရေးနည်းပညာ မျိုးကောင်းမျိုးသန့်များ ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ရန်

၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



စီမံကိန်းပထမနှစ်တွင်- စီမံကိန်းပထမနှစ်တွင် ကျေးရွာချင်းဆက် တံတားတည်ဆောက်ပြုပြင်အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပါသည်။

စီမံကိန်းဒုတိယနှစ်တွင် - လုပ်ငန်းခွဲမပြုလုပ်ပါ။

ခဲတွင်းကျေးရွာတွင် လိုအပ်ချက်များရှိသော်လည်း အုပ်စုအတွင်းဖြစ်သော စီမံကိန်း ဒုတိယနှစ်တွင် ကန်ပေါက်တာနှင့်တောင်ခြေရင်းကျေးရွာများ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပြီး တတိယနှစ်များတွင် အောင်ချမ်းသာရွာနှင့် မှန်ပင်ကျေးရွာများပြုလုပ်မည်ဖြစ်ပြီး စတုတ္ထနှစ်များတွင် မော်ကြီးနှင့် ခဲတွင်းကျေးရွာများ၏ လိုအပ်ချက်များကို ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စီမံကိန်းစတုတ္ထနှစ်တွင် - ကျေးရွာခန်းမတည်ဆောက်ရန်လျာထားပါသည်။

၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်

သုံးသပ်ချက်

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊

အမျိုးသားအဖွဲ့၊အမျိုးသမီးများအဖွဲ့၊ ဂေါပကအဖွဲ့

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဆိုလာမီး ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ

များရှိကြပြီး စုပေါင်းအစည်းအဝေးပြုလုပ် မှတ်တမ်းတင်ကာ ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေး ၊ သာရေး၊ နာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအကျိုးပြုလုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများ

မော်ကြီးကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး ၊ မြေစာရင်း၊ သမ၊ စိုက်ဘဏ်၊ လ.ဝ.က၊ နှင့် မြို့နယ်ရဲတပ်ဖွဲ့လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှုများရှိပါသည်။

အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကော်မတီသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ **ရက်စွဲ - ၅.၀၁.၂၀၁၆**

စဉ်	အကြောင်းအရာ	တွေ့ရှိချက်		မှတ်ချက်
		√	X	
၁	အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။	√		
၂	စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။	√		
၃	အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။	√		
၄	အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။	√		
၅	ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။	√		
၆	အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။	√		
၇	လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။	√		
၈	လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။	√		
၉	လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။	√		
၁၀	အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။	√		
၁၁	စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။	√		
၁၂	ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ : ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။**	√		

၁၃	ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။**	√		
၁၄	ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။	√		
၁၅	တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေး သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။	√		
၁၆	ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။	√		
၁၇	ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင် များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။	√		
၁၈	ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင် များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။**	√		

၉။ ပဉ်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



သုံးသပ်ချက်

ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု- ခဲတွင်းကျေးရွာတွင် ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု မှာ အမျိုးသားများများက ၁၀၀% နှင့် အမျိုးသမီးများ ၅၀%ရှိနေ၍ တန်းတူဖြစ်အောင် ကြိုးစားရန်အများအားဖြင့် လိုအပ် ပါကြောင်းတွေ့ရှိရပါသည်။

အလုပ်အကိုင်အခွင့်အလမ်း ခဲတွင်းကျေးရွာ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများကပိုမိုနေပြီး စိုက်ပျိုးရာသီ ပြီးချိန် အမျိုးသားများက မြို့နယ်ပြင်ပ သို့သွား ရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။ အမျိုးသားများ ၈၀%နှင့်အမျိုးသမီးများက ၃၀%သာရှိကြောင်းတွေ့ရပါသည်။

ဝင်ငွေရရှိမှု အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၃)အထိ ရောက်ရှိနေပြီး အမျိုးသားများသာ ဝင်ငွေပိုရရှိနေသည့် အနေအထားတွေ့ရပါသည်။ အမျိုးသားများက အပြင်ထွက်စီးပွားရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

အရင်းအမြစ်အပေါ် လက်လှမ်းမှီမှု- အရင်းအမြစ်အပေါ် အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာ ကွာဟချက် အနည်းငယ် ရှိပါသည်။ အကြောင်းမှာ တောတောင်များထဲတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အတူတကွ လုပ်ကိုင်ကြသောကြောင့်ဖြစ်သည်။

ပညာတတ်မြောက်မှု ခဲတွင်းကျေးရွာအနေဖြင့် ပညာသင်ကြားခွင့်နှင့် ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အခွင့်အရေး ပိုနည်း နေသည်ကို တွေ့ရပါသည်။ အမျိုးသားများအနေဖြင့် မိမိကျေးရွာမှ အခြားရွာများသို့သွားရောက်ပညာသင်ကြားသောကြောင့်ဖြစ်ပါသည်။ အမျိုးသမီးအနေဖြင့် ပညာရေး ကို လက်လှမ်းမမှီသည့် အနေအထားရှိပါသည်။

ရပ်ရေးရာရေးတွင် ခေါင်းဆောင်မှု နှင့် ဆုံးဖြတ်ချက် ချနိုင်မှု -ရပ်ရေးရွာရေး ကိစ္စများတွင် အရေးပါမှုနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် များစွာ ကွာဟမှု ရှိနေပြီး
တန်း တူမှု မရရှိ သေးပါ။ ခဲတွင်းကျေးရွာမှ အမျိုးသမီးများအား နေရာပေးမှုမှာ အစည်အလာအရ အမျိုးသားများက နေရာ ယူထားပြီး အမျိုးသမီးများကလည်း နေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေ ပါသေး သည်။ အမျိုးသမီးများသည် အဆင့် ၅ တွင်သာရှိသောကြောင့် ခေါင်းဆောင်ခွင့်ပေးရန်လိုနေသေးကြောင်း တွေ့ရှိရပါသည်။

အိမ်မှုကိစ္စဆောင်ရွက်မှု- ခဲတွင်းကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးများတွင် အမျိုးသမီးများက ပိုမိုဆောင်ရွက် နေကြရ ပါသည်။ အမျိုးသမီးများက အိမ်မှုကိစ္စ ဆောင်ရွက် နေရသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေနည်းပါကြပါသည်။ ရွာမှ အမျိုးသား များအနေဖြင့် အိမ်မှုကိစ္စများတွင် ဝိုင်းကူလုပ်ပေး ရန်လိုအပ်ပါသည်။ အမျိုးသမီးများ၏ အိမ်မှုကိစ္စဆောင်ရွက်မှုမှာ အဆင့် ၁၀၀%တွင် ရှိကြောင်းတွေ့နိုင်ပါသည်။

၁၀။ ပြဿနာ၊ အခွင့်အရေး၊ လက်ရှိအခြေအနေ နှင့် ပြောင်းလဲမှုညွှန်းကိန်း နှင့် အနှစ်ချုပ်

စဉ်	ပြဿနာ	အခွင့်အရေး	လက်ရှိအခြေအနေ	ပြောင်းလဲမှုညွှန်းကိန်း
၁	စာသင်ကျောင်းမရှိ၍ ကလေးများလုံခြုံစွာ ပညာသင်ကြားခွင့် မရခြင်း	လူထုဗဟိုပြုစီမံကိန်းမှပြုပြင်ထိန်းသိမ်းစရိတ်ရရှိခြင်း။ကော်မတီများဖွဲ့စည်းထားခြင်း	ဘုန်းတော်ကြီးကျောင်းဇရပ်တွင်ကျပ်တည်းစွာ ပညာသင်ကြားနေရခြင်း	ကလေးများစိတ်ချမ်းသာစွာသင်ကြားပြီး ပညာရေးမြင့်မားလာမည်
၂	လမ်းတံတားများ တည်ဆောက်ခြင်း	လူထုဗဟိုပြုစီမံကိန်းမှပြုပြင်ထိန်းသိမ်းစရိတ်ရရှိခြင်း။ကော်မတီများဖွဲ့စည်းထားခြင်း	ပစ္စည်းသယ်ရန်ခက်ခဲခြင်း/သွားလာရေးခက်ခဲခြင်း/	အများပြည်သူသွားလာနိုင်မည်/စီးပွားရေးအခွင့်အလမ်းကောင်းလာမည်
၃	ဆိုလာမီးများ တပ်ဆင်ခြင်း	လူထုဗဟိုပြုစီမံကိန်းမှပြုပြင်ထိန်းသိမ်းစရိတ်ရရှိခြင်း။ကော်မတီများဖွဲ့စည်းထားခြင်း	မီးမောင်စွာနေထိုင်ရခြင်း/ ကလေးများစာကျက်ခြင်းခက်ခဲနေ	အသိအလိမ္မာတိုးလာ၍ လူနေမှုအဆင့်မြင့်မားလာမည်။
၄	သီးနှံအထွက်နည်း၍ ဝင်ငွေနည်းခြင်း/ မွေးမြူနည်းပညာမရှိ၍ ဝင်ငွေခက်ခဲနေခြင်း	လူထုဗဟိုပြုစီမံကိန်းမှပြုပြင်ထိန်းသိမ်းစရိတ်ရရှိခြင်း။ကော်မတီများဖွဲ့စည်းထားခြင်း	စိုက်ပျိုးစရိတ်အရှုံးပေါ် ခြင်း ဝမ်းစာမဖူလုံခြင်း အကြွေးတင်ခြင်း	စိုက်ပျိုးရေးနည်းပညာ၊မျိုးကောင်းမျိုးသန့်များဖြင့်စိုက်ပျိုးကာသီးနှံအထွက်တိုးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်

၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



သုံးသပ်ချက်

ခဲတွင်းကျေးရွာတွင် တံတားများတည်ဆောက်ခြင်းကြောင့် ကုန်သွယ်မှုနှင့် သွားလာရလွယ်ကူလာမည်။ စာကြည့်တိုက်တည်ဆောက်၍ အသိပညာရေးမြင့်မားလာမည်။ ကျေးရွာချင်းဆက်လမ်း / တံတားများ တည်ဆောက်ခြင်းကြောင့် ရာသီမရွေးသွားလာနိုင်မည်။ ကုန်သွယ်မှုကောင်းလာမည်၊ စီးပွားရေးအခွင့်အလမ်း ကောင်းလာမည်။ ရွာတွင်းလမ်းများကို ပြုပြင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများတူးဖေါ်မည်။လျှပ်စစ်မီးများရလာ၍ လူနေထိုင်မှုစနစ်ကောင်းမွန်လာမည်။ မူကြိုကျောင်းတည်ဆောက်၍ ကလေးငယ်များ ပဟုသုတရရှိစေသော ပညာသင်ကြားခွင့်ရမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းကြောင့် သွားလာမှုလွယ်ကူလာ၍ ပညာရေးပဟုသုတများ ပြည့်စုံခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာ အောင်ဆောင်ရွက်နိုင်ခြင်း ၊ ကျန်းမာရေး နှင့်သက်ဆိုင်သော အသိအမြင်ကျယ်လာ၍ လူနေထိုင်မှုစနစ်များ တိုးတက်လာမည်။ဆိုလာမီးများ ရလာ၍ လျှပ်စစ်မီး ရရှိပြီး ကျေးရွာတွင် ကလေးများ ပညာရေးတိုးတက်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။ ကျေးရွာရှိအမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေ ရှိဖွေလာနိုင်မည်ဖြစ်ပါကြောင်း သုံသပ်ပါသည်။

ကျေးရွာမျော်မှန်းချက် လေ့ကျင့်ခန်းမှ ရရှိလာသော ရလဒ်

ကျေးရွာ၏ မျော်မှန်းချက်	တံတားများ /မူကြိုကျောင်း /စာကြည့်တိုက်များ တည်ဆောက်၍ ကောင်းမွန်စွာ ပညာသင်ကြားရ၍ပညာတတ်များ တိုးပွားကာ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးများ တိုးတက်ကောင်းမွန်လာရမည်။ မူကြိုကျောင်းဖြစ်ပေါ်လာပြီးကလေးငယ်များ အသိအလိမ္မာ တိုးပွားလာမည်။အိမ်တွင်းမှုအတတ်ပညာတတ်ကျွမ်းသောကြောင့်ကျေးရွာအမျိုသမီးများ ဝင်ငွေရှာဖွေလာနိုင်ကာ မိသားစုဝင်ငွေ တိုးလာကြမည်။ စိုက်ပျိုးရေးနည်းပညာများ၊မွေးမြူရေးနည်းပညာများ၊အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းနည်းပညာများ၊စက်ပြင်ပညာများတက်မြောက်လာမှုကြောင့်ဝင်ငွေအခွင့်အလမ်းရရှိကာ စီးပွားရေးများ တိုးတက်၍ လူနေမှုအဆင့်အတန်းများ မြင့်မားလာရမည်။
အနာဂတ်တွင် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျော်မှန်းချက် ထားရှိမှု	လူထုဗဟိုပြုစီမံကိန်း၏ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကိုအသုံးချ၍ တံတားများ /မူကြိုကျောင်း /စာကြည့်တိုက် /ခန်းမဆောင်များ တည်ဆောက်၍ ကလေးများ စိတ်ချမ်းသာစွာ ပညာသင်ကြားနိုင်ရမည် ။ လမ်းတံတားများ တည်ဆောက်၍ ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ပြီး ကျေးရွာသူကျေးရွာသားများနှင့် အများပြည်သူ လွယ်ကူစွာသွားလာနိုင်ရမည်။ ကျေးရွာလမ်းများမီးလင်း၍ ကျေးရွာသာယာလာကာ ဖွံ့ဖြိုးတိုးတက်လာမည်။ကျေးရွာစာကြည့်တိုက်တစ်ခုရှိချင်ပါသည်။ စီမံကိန်းမှ အကောင် အထည်မဖော်နိုင်သော လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ တွင် ကျေးရွာလိုအပ်ချက်များကိုတင်ပြ၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ

အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲအစည်းအဝေး မှတ်တမ်းဓါတ်ပုံ

ဖွံ့ဖြိုးရေးအစီအစဉ်ရေး စီမံခန့်ခွဲမှုသင်တန်း ခဲတွင်းကော်မတီ မှတ်တမ်းဓါတ်ပုံ

ကျေးရွာ ဖွံ့ဖြိုးရေး လူထုစီမံခန့်ခွဲမှုသင်တန်းပြုလုပ်နေမှု မှတ်တမ်းဓါတ်ပုံ

ပထမနှစ် လုပ်ငန်းခွဲ၏ မပြုလုပ်မှီ မှတ်တမ်းဓါတ်ပုံ(၂၀၁၅)

ပထမနှစ် ဆောင်ရွက်ပြီး လုပ်ငန်းဓါတ်ပုံ(၂၀၁၅)

၈။ ကော်မတီဝင်များစာရင်း

စဉ်	အမည်	ကျား-မ	ရာထူး
၁	ဦးစိုးမင်း	ကျား	ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂	ဒေါ်နန်းဂင်းချို	မ	ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၃	ဦးအောင်ဆန်းဂင်း	ကျား	ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ
၄	ဦးချမ်းအောင်	ကျား	ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း
၅	ဒေါ်အေးပေါ	မ	ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်
၆	ဦးပိန်း	ကျား	စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ
၇	ဒေါ်စိန်ချော	မ	စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်
၈	ဒေါ်မမိုး	မ	စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်
၉	ဦးစိုးလွင်	ကျား	လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဋ္ဌ
၁၀	ဒေါ်ခင်မြင့်	မ	လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင်
၁၁	ဒေါ်မဂယ်	မ	လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင်
၁၂	ဦးတင်ဇော်အေး	ကျား	ကျေးရွာငွေစာရင်းကိုင်
၁၃	ဦးနိုင်ဂင်း	ကျား	အကြံပြုချက်ဖြေရင်းရေး
၁၄	ဒေါ်ခင်သန်းနု	မ	အကြံပြုချက်ဖြေရင်းရေး
၁၅	ဦးအောင်လွင်	ကျား	စေတနာ့ဝန်ထမ်း
၁၆	ဒေါ်တင်စန်း	မ	စေတနာ့ဝန်ထမ်း

စုစုပေါင်း။ (၁၆) ယောက် ကျား-(၈) ယောက် +မ(၈) ယောက်

ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

ဒေါ်နန်းဂင်းချို ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

